## အသိပေးကြေညာချက်

**ရန်ကုန်နယ်မြေအတွင်းရှိ အကောက်ခွန်ဝန်ဆောင်မှုကုမ္ပဏီများ၏ သက်တမ်းတိုးမြှင့်ခြင်း၊ အသစ်ဖွဲ့စည်းခြင်း၊ CMP ကုမ္ပဏီများမှ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများ၏ လုပ်ငန်းလုပ်ကိုင်ခွင့်ကတ်များ သက်တမ်းတိုးမြှင့်ခြင်း၊ အသစ်ပြုလုပ်ခြင်းကိစ္စ**

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန (ယခင် စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန) ၏ ၁၀-၇-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇၄/၂၀၂၀) ပါ ထုတ်ပြန်ချက်များနှင့်အညီ ရန်ကုန်နယ်မြေအတွင်းရှိ အကောက်ခွန်ဝန်ဆောင်မှုကုမ္ပဏီများ၏ သက်တမ်းတိုးမြှင့်ခြင်း၊ အသစ်ဖွဲ့စည်းခြင်း၊ CMP ကုမ္ပဏီများမှ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နေသူများ၏ လုပ်ငန်းလုပ်ကိုင်ခွင့်ကတ်များ သက်တမ်းတိုးခြင်း၊ အသစ်ထုတ်ပေးခြင်းများအား ၂၀၂၆ ခုနှစ်၊ မတ်လ (၁၀) ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဇွန်လ (၃၀) ရက်နေ့အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး နောက်ဆက်တွဲပါ စာရွက်စာတမ်းများဖြင့် စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲသို့ လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၂။ CMP ကုမ္ပဏီများအတွက် CMP Smart Card (အစိမ်းရောင်ကတ်) ထုတ်ပေးခြင်းသည် သက်ဆိုင်ရာကုမ္ပဏီ၏ CMP လုပ်ငန်းကိစ္စရပ်များအတွက်သာ ဆောင်ရွက်ရန်ဖြစ်ပြီး ကုမ္ပဏီတစ်ခုလျှင် ဝန်ထမ်း (၂) ဦးသာ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုမည်။

၃။ သို့ဖြစ်ပါ၍ ရန်ကုန်နယ်မြေအတွင်းရှိ အကောက်ခွန်ဝန်ဆောင်မှုကုမ္ပဏီများနှင့် CMP ကုမ္ပဏီများသည် သတ်မှတ်ကာလအတွင်း အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းနှင့်လုပ်ငန်း လုပ်ကိုင်ခွင့်ကတ်များ၏ သက်တမ်းတိုးမြှင့်ခြင်းအား လာရောက်ဆောင်ရွက်ခြင်းမရှိပါက ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ၊ အမိန့်ကြော်ငြာစာအမှတ် (၇၄/၂၀၂၀)နှင့် အကောက်ခွန်ဦးစီးဌာန၏ အမိန့်အမှတ် (၁/၂၀၂၃)တို့ပါ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**CMP Smart Card လျှောက်ထားရာတွင် ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ**

၁။ သက်ဆိုင်ရာကုမ္ပဏီမှ CMP Card ပြုလုပ်ခွင့်လျှောက်လွှာ

မှတ်ချက်။ ကုမ္ပဏီမှ Managing Director (သို့) Director ကိုယ်တိုင် လာရောက် လျှောက်ထားရမည်။ (မှတ်ပုံတင်မိတ္တူ(သို့)Passportမိတ္တူ ပူးတွဲတင်ပြရန်)

၂။ ကုမ္ပဏီမှ Managing Director (သို့) Director ကိုယ်တိုင်လာရောက် လျှောက်ထားရန် အခက်အခဲရှိပါက ကုမ္ပဏီမန်နေဂျာ (သို့မဟုတ်) တာဝန်ခံအား ကိုယ်စားလှယ်လွှဲသည့် ကိုယ်စားလှယ်လွှဲစာ၊ Special Power (မှတ်ပုံတင်မိတ္တူ သို့မဟုတ် ဝန်ထမ်းကတ် ပူးတွဲတင်ပြရန်)

၃။ ကုမ္ပဏီဝန်ထမ်းဖြစ်ကြောင်း ထောက်ခံစာ (ကုမ္ပဏီ Letter Head စာရွက်ဖြင့်)

၄။ ကုမ္ပဏီမှတ်ပုံတင်မိတ္တူ (Company Extract ပူးတွဲတင်ပြရန်)

၅။ Form VI, for XXVI မိတ္တူ

၆။ UMFCCI အသင်းဝင်လက်မှတ်မိတ္တူ

၇။ ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်မိတ္တူ

၈။ Myanmar Investment Commission (MIC) ၏ နိုင်ငံသား/ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကုမ္ပဏီအား လုပ်ငန်းလုပ်ကိုင်ခွင့်ပြုမိန့် လက်မှတ်မိတ္တူ

၉။ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ ထုတ်ပေးသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်း မှတ်ပုံတင် လက်မှတ်မိတ္တူ

၁၀။ Myanmar Garment Manufacturers Association (MGMA)/ Myanmar Industrial Association (MIA) အသင်းဝင်လက်မှတ်မိတ္တူ

၁၁။ ကုမ္ပဏီဝန်ထမ်း၏ ကိုယ်ရေးအချက်အလက် (Soft Copy/ Hard Copy)

၁၂။ ကုမ္ပဏီဝန်ထမ်းကတ်မိတ္တူ

၁၃။ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ

၁၄။ အိမ်ထောင်စုဇယားမိတ္တူ

၁၅။ ရပ်ကွက်ထောက်ခံစာ

၁၆။ ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံစာ

၁၇။ Group Photo (8” x 6”)(အပြာနောက်ခံ) ကုမ္ပဏီပိုင်ရှင် Managing Director များ (ထိုင်လျက်) နှင့် လုပ်ငန်းဆောင်ရွက်မည့် ဝန်ထမ်း (၂) ဦးပုံ (ရပ်လျက်)

မှတ်ချက်။ Photoshop ဖြင့် ပြုလုပ်ထားသော ဓာတ်ပုံများ မဖြစ်ရပါ

၁၈။ ဝန်ထမ်းများ၏ ဓာတ်ပုံ Passport Size (1.1’’ x 1.3’’) (၁) ပုံ (အပြာနောက်ခံ)

၁၉။ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း လျှောက်ထားသူတစ်ဦးအတွက် လိုင်စင်ကြေး (၅၀၀၀) ကျပ်ပေးသွင်းရန် အမှတ်စဉ် (၁) မှ (၁၉)အထိ (Soft Copy) - PDF Format ၊ Photo - JPEG Format